# မြန်မာပြည်အထက်ပိုင်းနဲ့မြန်မာပြည်အောက်ပိုင်းမှာ တီးဝိုင်းတွေအခြေအနေပေးလို့ပေါ်လာရင် အင်မတန်ကောင်းတဲ့ကိစ္စပဲဆိုတဲ့ ၈၈ မျိုးဆက်ကျောင်းသား ကိုအေးလွင်



မေလ (၂၆)ရက်၊ မြင်းခြံမြို့ အမှတ် (၁၁)ရပ်ကွက်၊ မင်းကျောင်းတိုက်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားနိုင်ငံရေး အင်အားစုများ၊ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများ ပူးတွဲ လုပ်ငန်းကော်မတီ အောက်မြန်မာပြည်တာဝန်ခံ ကိုအေးလွင်ကို လျှပ်တစ်ပြက်ဂျာနယ်မှ မေးမြန်းခဲ့ပါတယ်။

ကိုအေးလွင်တို့အဖွဲ့က အနုပညာရှင်တွေနဲ့ပူးပေါင်းပြီးတော့ တီးဝိုင်းတစ်ဝိုင်းထောင်မယ်ဆိုတာ ဟုတ်ပါသလား။ ဘယ်အနုပညာရှင်တွေပါဝင်မှာလဲဆိုတာ သိပါရစေ။

ကျွန်တော်တို့ YMBA ရှင်းလင်းပွဲအပြီးမှာ ကုန်သည်ကြီးများအသင်းနဲ့ UMFCCI တို့နဲ့တွေ့ဖို့ ကျွန်တော်တို့ ကြိုးစားသေးတယ်။ ကျွန်တော်တို့ဆိုတာနဲ့ သူတို့ကငြင်းဆန်လွှတ်တယ်။ နောက်တစ်ခါ မြန်မာနိုင်ငံစာပေနဲ့စာနယ်ဇင်းအဖွဲ့ ဗဟို၊ ကျွန်တော်တို့တွေ့ဖို့ကြိုးစားတယ်။ နောက်တစ်ခါ ဂီတအစည်းအရုံး၊ ရုပ်ရှင်အစည်းအရုံးကို ကျွန်တော်သွားရောက် ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ဟာ စာပေမှာဆောင်းပါးတွေနဲ့ အမျိုးသားနိုင်ငံရေးကိုဖော်ပေးနိုင်သလို ဂီတနဲ့လည်း အမျိုးသားနိုင်ငံရေးကို ပုံဖော်ပေးနိုင်ရင်ကောင်းမှာပဲဆိုပြီး ဆွေးနွေးခဲ့ပါတယ်။ အဲဒီလိုကိစ္စတွေကိုဆောင်ရွက်တော့ ဂီတ အစည်းအရုံးမှာ ပလေးဘွိုင်းသန်းနိုင်နဲ့ သွားတွေ့ခဲ့ပါတယ်။ သူက အမေရိကန်နိုင်ငံမှာလည်းနေခဲ့ဖူးတယ်ဆိုတော့ ကျွန်တော်တို့ သွားတွေ့တဲ့ အချိန်တုန်းဆွေးနွေးကြတာပေါ့။ ကျွန်တော်တို့ လုပ်နေတာတွေက အမျိုးသားနိုင်ငံရေးကို လုပ်နေတာဖြစ်လို့ ဒီအနုပညာကိုလည်း အမျိုးသားနိုင်ငံရေးနဲ့ပါတ်သက်ပြီး ဒီအနုပညာကို ပုံဖော်တဲ့နေရာမှာ ဒါကျွန်တော်တို့ရဲ့ Sanction ပေါ့။ ကျွန်တော့်ကို ပလေးဘွိုင်းသန်းနိုင်ကမေးတယ်။ ကိုအေးလွင်တဲ့ ခင်ဗျားတို့ရဲ့ မြန်မာနိုင်ငံကိုပိတ်ဆို့နေတဲ့ ကိစ္စ ကျွန်တော်တို့ကိုထိခိုက်သလားတဲ့။

ဒီကနေ့ ကျွန်တော်တို့တိုင်းပြည်ဟာ အေးအတူပူအမျှဖြစ်ရမယ်။ ဒါတွေဟာ ကျွန်တော်ဆက်စပ်မိလို့ ပြောတာပါ။ ကျွန်တော်ကတော့ တီးဝိုင်းမထောင်နိုင်ပါဘူး။ ဆိုပါစို့ဗျာ။ ဒီမြင်းခြံမှာရှိတဲ့လူတွေစုပြီး တီးဝိုင်းထောင်ပေးမယ်ဆိုရင် ကျွန်တော်တို့ ယူမှာပဲလေ။ ဒါဟာ ကျွန်တော်တို့ အမျိုးသားရေးအခန်းကဏ္ဍအတွက် မဟုတ်လား။ နောက်တစ်ခုက ဒီမေးခွန်းနဲ့ဆက်စပ်လို့ပါ။ ဟိုတုန်းက ကျွန်တော့်ကိုလာမေးတယ်။ ခင်ဗျားတို့က ကုမ္ပဏီတစ်ခုထောင်မယ်လို့ကြားတယ်တဲ့။ အဲဒီကုမ္ပဏီဟာလည်း လူငယ် လူ့ရွယ်တွေရဲ့လုပ်ကိုင်စိုးမိုးမှုကို ရရှိမယ့်ကုမ္ပဏီပါပဲ။ လုပ်ဖို့အတွက် ကျွန်တော်နားလည်ထားတာက ဒီမေးခွန်းနဲ့ဆက်စပ် နေတဲ့ဂီတတစ်ခုပါပဲ။ အဲဒီတော့ အထက်မြန်မာပြည်တီးဝိုင်းနဲ့ အောက်မြန်မာပြည်တီးဝိုင်းဆိုပြီး အခြေအနေပေးလို့ပေါ်လာရင် တော့အင်မတန်ကောင်းတဲ့ကိစ္စတစ်ခုပါပဲ။ ကျေးဇူးတင်တယ်။